ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့
(၁၃. ၇. ၂၀၁၆)ရက်နေ့တွင် မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
ဦးစိုင်းနောင့် တင်သွင်းသည့် တိုက်တွန်းကြောင်းအဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၅)ဖြစ်ပါတယ်။ မိုင်းပန် မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းနောင့်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များ မြို့အဝင် ဆိုင်းဘုတ်များတွင် "ရှမ်းတိုင်းရင်းသားဘာသာ (ရှမ်းဘာသာ)ဖြင့် ရေးသားထားသည်များအား ပြန်လည် ဖျက်သိမ်း ဆောင်ရွက်စေခြင်း၊ တိုင်းရင်းသားဘာသာဖြင့် ရေးသား စိုက်ထူခြင်း ပိတ်ပင်ခြင်းများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်သဖြင့် ယင်းကဲ့သို့ စီစဉ်ဆောင်ရွက်ခြင်းများ မပြုရန် တိုက်တွန်းကြောင်း" အဆိုဖြစ်ပါတယ်။ ယခု ဦးစိုင်းနောင့်က အဆို တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့်ဖြစ် ပါတယ်။ ကျွန်တော်တင်သွင်းသွားမည့် အဆိုမှာ "ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်များမြို့အဝင်အထွက်ဆိုင်းဘုတ်များ တိုင်းရင်းသားဘာသာ၊ (ရှမ်းဘာသာ)ဖြင့်ရေးသားထားသည်များကို ပြန်လည်ဖျက်သိမ်းဆောင်ရွက်ခြင်း၊ တိုင်းရင်းသားဘာသာဖြင့် ရေးသား စိုက်ထူခွင့်ပိတ်ပင်ခြင်းများသည် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို ထိခိုက်စေသဖြင့် ယင်းကဲ့သို့ စီစဉ်ဆောင်ရွက်ခြင်း မပြုရန် တိုက်တွန်းကြောင်း" အဆိုကိုတင်ပြသွားမှာဖြစ် ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ အမြင့်ဆုံး ဥပဒေတစ်ရပ်ဖြစ်သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က)တွင် နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟုလည်းကောင်း၊ ပုဒ်မ ၂၂(ခ)တွင် တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည် လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန် ကူညီ ဆောင်ရွက်မည်ဟုလည်းကောင်း၊ ပုဒ်မ ၂၂ (ဂ)တွင် တိုးတက် ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့်တို့ ပါဝင်သော လူမှုရေး၊ စီးပွားရေး အတွက် ကူညီဆောင်ရွက်မည်ဟု လည်းကောင်း သတ်မှတ်ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။

ဒါဟာလည်း (၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် အချုပ်အခြာ တည်တံ့ခိုင်မြဲရေးတည်း ဟူသော ဦးတည်ချက် ၊ (၂) နိုင်ငံတော်၏ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလ တရားများ ထွန်းကားစေလျက် တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်း သာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ထိန်းသိမ်းရေး၊ (၃) နိုင်ငံတော်တွင် လူမျိုးရေးတန်းတူမှုနှင့် စစ်မှန်သော မျိုးချစ်စိတ် ဖြစ်သည့် ပြည်ထောင်စု စိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူလျက် ထာဝစဉ်စည်းလုံးညီညွတ်စွာ အတူတကွနေထိုင်ကြရေးစသည့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနှင့် တရားမျှတမှုအခွင့်အရေးတို့ကိုဖော်ဆောင် ပေးနိုင်ရန်အတွက် သန္နိဋ္ဌာန်ချမှတ်ပြီး ပြဋ္ဌာန်းပေးထားခဲ့တာ ဖြစ်ပါတယ်လို့ သိမြင်နားလည်လက်ခံ ယုံကြည်ကြရမှာဖြစ်ပါတယ်။

ဒါကြောင့် တိုင်းရင်းသားများ၏ စာပေနှင့်ပတ်သက်သည့် ယခင်ကာလများထက် အနည်းငယ်ပြန်လည်ထုတ်ဖော်ရေးသားခွင့် ရရှိလာပြီး နိုင်ငံတော်အနေဖြင့် ကျောင်းချိန်ပြင်ပများမှာ တိုင်းရင်းသား စာပေများသင်ကြားခွင့်အတွက်ဖော်ဆောင်ပေး လာခဲ့တာကိုလည်း ကြည်နူးဝမ်းမြောက်စွာတွေ့မြင်ခဲ့ရပြီးဖြစ် ပါတယ်။

သို့ပါသော်လည်း လွန်ခဲ့သည့်လက ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်များတစ်ချို့ရှိ မြို့အဝင်ဆိုင်းဘုတ်များတွင် မြို့အမည်များ ရှမ်းဘာသာဖြင့် ရေးသားကဗ္ဗည်းထိုးထားပြီး ယခု အခါတွင် ပြန်လည်ဖျက်ဆီးပြီး ပြန်လည်ပြုပြင်ရေးသားခြင်း ဆောင်ရွက်လျက်ရှိနေတာကို ကိုယ်တိုင်သော်လည်းကောင်း၊ လူမှုကွန်ရက်သတင်းများအရ တွေ့မြင်ကြားသိနေရသည့်အတွက် တိုင်းရင်းသားတစ်ဦးအနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များစွာတို့၏ အမည်နာမသည် ရှမ်းဘာသာစကားအပေါ် အခြေပြုကာ မှည့်ခေါ် ထားတာဖြစ်ပါတယ်။ ထိုအမည်နာမများကို မြန်မာဘာသာဖြင့် ရေးသားသုံးစွဲခဲ့ရာတွင်လည်း စာပေအရေးအသားနှင့် အသံထွက်အရ ရေးသားခေါ်ဝေါ်နေကြသော်လည်း မူလမြို့အမည်များ၏ အဓိပ္ပါယ်ကို ပေါ်လွင်အောင်ဖော်ပြနိုင်ခဲ့ခြင်း မရှိပါ။ မူလအသံထွက်နှင့် များစွာ ကွဲလွဲရေးသား ခေါ်ဝေါ် သုံးစွဲနေရခြင်းများဖြစ်ပေါ်နေလျက်ရှိပါတယ်။ မြို့အဝင်ဆိုင်းဘုတ်များတွင် မြို့အမည်များကို မြန်မာဘာသာအပြင် သက်ဆိုင်ရာဒေသခံ တိုင်းရင်းသား ဘာသာစကားဖြင့် ရေးသားဖော်ပြရခြင်းသည် တိုင်းရင်းသား ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် သမိုင်းအမွေအနှစ်များကို ထိန်းသိမ်း ခွင့်အား တစ်စိတ်တစ်ဒေသအားဖြင့် ဆောင်ရွက်ခွင့်ရရှိခြင်းမျှသာ ဖြစ်ပါတယ်။

လက်ရှိ မြန်မာနိုင်ငံ၏ မြို့ကြီးပြကြီးဒေသများမှာ ဆိုင်ခန်းများ၊ ဟိုတယ်များ၊ မိုတယ်များ၊ စားသောက်ဆိုင်များ၊ ကုမ္ပဏီ ကြီးများ၏ အမည်များကို မြန်မာဘာသာ မဟုတ်သော၊ တိုင်းရင်းသားဘာသာမဟုတ်သော၊ နိုင်ငံခြားဘာသာစကား၊ စာပေများကို အသုံးပြုပြီး ကြော်ငြာခြင်း၊ ဆိုင်းဘုတ်ထူခြင်းများကို လည်း ခွင့်ပြုနေလျက်ရှိရာ ရှမ်းပြည်နယ်အတွင်း မြို့အဝင်ဆိုင်းဘုတ်များ ရှမ်းဘာသာဖြင့်လည်းကောင်း၊ ဒေသရှိ တိုင်းရင်းသားဘာသာဖြင့်လည်းကောင်း၊ ရေးသားသုံးစွဲခြင်းကို ခွင့်မပြုနိုင်စရာအကြောင်း မရှိဟုလည်း သုံးသပ်မိပါတယ်။

လက်ရှိ နိုင်ငံတော်အနေနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံလို့ဆိုသည့် ၂၁ ရာစု ပင်လုံညီလာခံကျင်းပနိုင်ရေးစီစဉ် ဆောင်ရွက်နေသည့်အခိုက်မှာ ယခုလို ဖြစ်ရပ်မျိုးပိတ်ပင်တားဆီး ဆောင်ရွက်နေပါကငြိမ်းချမ်းရေးကို ဦးတည်နေသည့်လမ်းကြောင်း ကနေ လွဲချော်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပါ ထိခိုက် ပျက်ပြားစေနိုင်သည့် အခြေအနေပေါ်လွင်စေခဲ့ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပြဋ္ဌာန်းချက်အပေါ် တိုင်းရင်းသားများ၏ စာပေ၊ စကား၊ အနုပညာ၊ ယဉ်ကျေးမှုများကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီ ဆောင်ရွက်မည့် တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်ဆိုသည့် ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင် ကွဲလွဲနေသည့် ဆောင်ရွက်ချက်မျိုးကိုဖြစ်ပါတယ်လို့ အတိအလင်းတင်ပြလိုပါတယ်။

ဒါကြောင့် နိုင်ငံတော်အစိုးရနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် တိုင်းရင်းသားများ၏ စာပေ၊ စကား၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးရမည့် တာဝန်ရှိနေသည့်အပြင် တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုများအား ပြန်လည်ဖော်ကျူးသည့် တာဝန်ရှိသည့်အပြင် တိုင်းရင်းသားဘာသာ၊

စာပေများကို သက်ဆိုင်ရာ တိုင်းရင်းသားဘာသာ၊ စာပေနှင့် ကဗ္ဗည်းထိုးခြင်းကို တားမြစ်ပိတ်ပင်ခြင်း မပြုဘဲလိုအပ်သည့် ကူညီပံ့ပိုးမှုကိုဆောင်ရွက် ပေးမှသာ နိုင်ငံတော်၏ စေတနာမှန်ကို တိုင်းရင်းသား လုပ်သား ပြည်သူများ မြင်တွေ့ခံစားနိုင်မှာလည်းဖြစ်ပါတယ်။

နိုင်ငံတော်၏ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ထွန်းကားစေလျက် တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ်ဆောင်ရွက်ထိန်းသိမ်းနိုင်ရန်၊ နိုင်ငံအတွင်း လူမျိုးရေးတန်းတူမှုဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဖြစ်တယ်။ ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူလျက် ထာဝစဉ် စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်ရေးစသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တရားမျှတမှုအခွင့်အရေးတို့ကို လက်တွေ့မှာလည်း မဖြစ်မနေ ဆောင်ရွက်နေရန် အထူးပင်လိုအပ်နေသည့်အတွက်ကြောင့် ကျွန်တော်အနေဖြင့် ဒီကနေ့ လွှတ်တော်အစည်းအဝေးမှာ ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်များ၊ မြို့အဝင်ဆိုင်းဘုတ်များကို တိုင်းရင်းသား ဘာသာဖြစ်သော ရှမ်းဘာသာဖြင့် ရေးသားထားသည်များကို ပြန်လည်ဖျက်သိမ်း ဆောင်ရွက်စေခြင်း၊ ရေးသား စိုက်ထူခွင့် ပိတ်ပင်ခြင်းများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးများထိခိုက်စေနိုင်သဖြင့် ယင်းကဲ့သို့ စီစဉ်ဆောင်ရွက်ခြင်းမပြုရန် တိုက်တွန်းသည့် အဆိုကို လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးစိုင်းလုံ၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ် ပါသော လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလုံဖြစ်ပါတယ်။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းနောင် အဆိုတင်သွင်းထားသည့် "ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်များ မြို့အဝင်ဆိုင်းဘုတ်များတွင် ရှမ်းတိုင်းရင်းသားဘာသာ(ရှမ်းဘာသာ)ဖြင့် ရေးသားထားသည်များ ပြန်လည် ဖျက်သိမ်းဆောင်ရွက်စေခြင်း၊ တိုင်းရင်းသားဘာသာဖြင့် ရေးသားစိုက်ထူခွင့်ပိတ်ပင်ခြင်းများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်သဖြင့် ယင်းကဲ့သို့ စီစဉ် ဆောင်ရွက်ခြင်းမပြုပါရန် တိုက်တွန်းကြောင်း "အဆိုကို ကျွန်တော်မှ နက်နက်နဲနဲ ထောက်ခံ ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ သို့မဟုတ် အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းနောင် တင်သွင်းသောအဆို ကို လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များ၊ မြို့အဝင် ဆိုင်းဘုတ် များတွင် တိုင်းရင်းသားဘာသာ (ရှမ်းဘာသာ)ဖြင့် ရေးသား ထားသည်များ အား ပြန်လည်ဖျက်သိမ်းဆောင်ရွက်စေခြင်း၊ တိုင်းရင်းသားဘာသာဖြင့် ရေးသားစိုက်ထူခွင့် ပိတ်ပင်ခြင်း များသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်သဖြင့် ယင်းကဲ့သို့ စီစဉ်ဆောင်ရွက်ခြင်းများ မပြုရန်**

**တိုက်တွန်းကြောင်း "**အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံ ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒကို ရယူပါမယ်။ ၎င်းအဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

အဆိုကို လက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။

**ဦးစိုးညွန့်လွင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာကြ ပါစေလို့ ဦးစွာပထမဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ရှမ်းပြည်နယ် မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းနောင်၏ အဆိုနှင့်ပတ်သက်ပြီး ရှင်းလင်း ဖြေကြား ပေးသွားမှာဖြစ်ပါတယ်။

**"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များ၊ မြို့အဝင် ဆိုင်းဘုတ် များတွင် တိုင်းရင်းသားဘာသာ (ရှမ်းဘာသာ)ဖြင့် ရေးသားထား သည်များအား ပြန်လည်ဖျက်သိမ်းဆောင်ရွက် စေခြင်း၊ တိုင်းရင်းသား ဘာသာဖြင့် ရေးသားစိုက်ထူခွင့် ပိတ်ပင်ခြင်းများသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်သဖြင့် ယင်းကဲ့သို့ စီစဉ် ဆောင်ရွက်ခြင်း မပြုပါရန် တိုက်တွန်းကြောင်း"**အဆိုနှင့်ပတ်သက်၍ အောက်ပါ အတိုင်း တင်ပြလိုပါတယ်-

၂၈-၆-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးများ ပုံမှန်အစည်းအဝေး အမှတ်စဉ် ၃-၆/၂၀၁၆ ဆုံးဖြတ်ချက် အပိုဒ် ၅ (ဓ)အရ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်၊ မြို့များ၏ ဆိုင်းဘုတ်များတွင် အသုံးပြုမည့် ဘာသာစကား များကို အများသုံး ရုံးသုံးဖြစ်သည့် မြန်မာဘာသာစကားအပြင်မည်သည့်တိုင်းရင်းသားဘာသာ စကားကိုသာ ထည့်သွင်းရမည်ဟု ကန့်သတ်ပြောကြားခြင်းကို လည်းကောင်း၊ မည်သည့်ဘာသာ စကားအားထည့်သွင်းခွင့်မပြုဟု တားမြစ်ပိတ်ပင်ခြင်းကိုလည်းကောင်း၊ ပြုလုပ်မည် မဟုတ်ကြောင်း သက်ဆိုင်ရာ မြို့နယ်၊ မြို့များ၏ ဒေသခံအများစု ဆန္ဒအရ မြို့အဝင်ဆိုင်းဘုတ် တစ်ခု၏ အရွယ်အစားနှင့် ကိုက်ညီမည့် မြန်မာစာနှင့် တိုင်းရင်းသားစာ အရေအတွက်ကို ဆုံးဖြတ်ကာ ထည့်သွင်းထွင်းထုနိုင်ကြောင်း သက်ဆိုင်ရာများသို့ အသိပေးသွား ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရ၏ သဘောထားကို ၃၀-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၆၈၁၀/၈-၂၁၁/အစရ (ရှမ်း)ဖြင့် ပေးပို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်စည်ပင် သာယာရေးဌာနမှ ၃၀-၆-၂၀၁၆ ရက်စွဲပါစာအမှတ် ၃၈၈၉/ဆ-၇/ရပစ ဝ၃၀ ဖြင့် သက်ဆိုင်ရာ မြို့နယ်၊ မြို့၊ စည်ပင်သာယာရေး ဌာနများသို့လည်း ဆက်လက်ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ယင်းညွှန်ကြားချက်နှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရ၏ သဘောထားမှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ဖယ်ဒရယ်ကို အခြေခံသော ညွှန်ကြားချက်ဖြစ်ကြောင်း သိသာထင်ရှားလှပါတယ် ခင်ဗျား။

ဒါကြောင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင်၏ အဆိုနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးရန် မသင့် ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လွှတ်တော်အနေဖြင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ သဘောထားကို မေးမြန်းခြင်း မဟုတ်ဘဲ အခုဒီအဆို နှင့်ပတ်သက်ပြီး ဆွေးနွေးဖို့ လွှတ်တော်က သဘောတူ/မတူ မေးခြင်းတာဖြစ်ပါတယ်။ ဒါကြောင့် အစောက ကျွန်တော် မေးတဲ့ နေရာမှာ ဒီအဆိုကို လက်ခံဆွေးနွေးဖို့ သင့်/မသင့် လွှတ်တော် ဆန္ဒကို ရယူမယ်ဆိုတဲ့အခါမှာ တချို့ အများစုက သဘောတူတဲ့ အသံထွက်လာသလို အခု ရှမ်းပြည်နယ်

အစိုးရအဖွဲ့ဝင်ဖြစ်သည့် ပုဂ္ဂိုလ်ကလည်း ပိုသဘောမတူတဲ့အကြောင်း တင်ပြလာပါတယ်။ ဒါကြောင့် ထပ်ပြီးတော့ လွှတ်တော်၏ ဆန္ဒကို ခံယူပါ့မယ်။ ဆွေးနွေးဖို့ကိစ္စပဲဖြစ်ပါတယ်။ ကျွန်တော်တို့ သဘောထားမှတ်ချက်ကို တင်ပြတဲ့အနေအထားမဟုတ်ပါဘူး။ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ မနက်ဖြန် အဆိုကို ဆွေးနွေးသည့်အခါမှာ ရှမ်းပြည်နယ်အဖွဲ့၊ အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ကို တင်ပြပြီး ဒီအဆိုကို ရုပ်သိမ်းသင့်တယ်၊ မှတ်တမ်းတင်သင့်တယ်ဆိုတာကို ဆွေးနွေးကြ ပါမယ်။ ဒီနေ့ကတော့ ဆွေးနွေးဖို့ သဘောတူတယ်လို့ပဲ မှတ်ယူပါတယ်။

ယခု ကျွန်တော်တို့ ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ဆန္ဒကိုရယူပါမယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇(က)အရ အစည်းအဝေးသို့ တက်ရောက်သည့် ဆန္ဒမဲပေးသည့် လွှတ်တော် ကိုယ်စားလှယ်၏ များရာမဲဆန္ဒဖြင့် ဆုံးဖြတ်မှာဖြစ်ပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိ နေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုရန်ဖြစ်ပါတယ်။

**ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီအဆိုကို ကျွန်ုပ် ၂၃-၆-၂၀၁၆ ရက်နေ့က တင်သွင်းထားသော အဆိုဖြစ်ပြီး၊ အဆိုကို ၁၅ ရက်ကြိုတင် တင်သွင်းရမည့်အချိန်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ Cabinet အဆုံးအဖြတ်ဖြင့် ဆိုင်းဘုတ်များစိုက်ထူ ခွင့်ပြုလာသည်မှာ ၃၀ ရက်နေ့ ဖြစ်ပါတယ်။ ထို့ကြောင့် တင်သွင်းပြီး ဖြစ်သော ကျွန်ုပ်၏အဆိုကို မှတ်တမ်းတင်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အဆိုတစ်ခုကို ဆွေးနွေးခြင်းမပြုဘဲ မှတ်တမ်းတင်ပေးဖို့အတွက် သက်ဆိုင်ရာ ကိုယ်စားလှယ်က တင်ပြလာပါတယ်။ အဲ့ဒါကြောင့် ဒီအဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။

၎င်းအဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်က ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။